# တရုတ်လယ်သမားများ၏ ဇနီးလုပ်ရန် လူကုန်ကူးမှုများရှိနေ

NEJ / ၂၃ မတ် ၂၀၀၅ / ၁၈း၃၀

တရုတ်ပြည်အတွင်းပိုင်း ကျေးလက်ဒေသရှိ လယ်သမားများ၏ ဇနီးမယားလုပ်ရန် မြန်မာပြည် ရှမ်းပြည်မြောက်ပိုင်းမှ မိန်းကလေးငယ်များကို လူကုန်ကူးရောင်းစားမှုများ ရှိနေကြောင်း မူဆယ်အခြေစိုက် အိုင်အန်ဂျီအိုတခုမှ ကရင်အမျိုးသမီး အရာရှိတဦးက ထုတ်ဖော်ပြောဆိုသည်။

၎င်းက "အခုနောက်ဆုံးတွေ့ရှိချက်အရ ထိုင်းနိုင်ငံဘက်ထက် တရုတ်ပြည်အတွင်းပိုင်းကို လူကုန်ကူးတဲ့အမှုတွေဖြစ်တယ်။ တရုတ်ပြည်ဘက်က လူမှောင်ခိုပွဲစားတွေက မိန်းကလေးတွေကို မြန်မာနိုင်ငံ ရှမ်းပြည် ဒေသခံ ရှမ်းတရုတ်တွေကတဆင့် ခေါ်သွားကြတာ" ဟုဆိုသည်။

လူမှောင်ခိုပွဲစားများက တရုတ်ပြည် မြို့များရှိ လစာကောင်းကောင်းရမည့် ကုန်စုံဆိုင်များ၊ စတိုးဆိုင်များတွင် အလုပ်လုပ်ရန် အကြောင်းပြကာ မိန်းမပျိုလေးများကို လာရောက်ခေါ်ယူလေ့ ရှိကြောင်း၊ သွားရောက်အလုပ်လုပ်ကိုင်ရန် သဘောတူပါက ရွာနေမိဘများကို ငွေကျပ်နှစ်သိန်း၊ နှစ်သိန်းခွဲ စသဖြင့် ကြိုတင်လစာပေးပြီး ခေါ်သွားလေ့ရှိကြောင်း၊ ၎င်းတို့သိရှိရသည့် အမှု (၆) မှု စလုံး အလားတူပုံစံပင်ဖြစ်ကြောင်း အဆိုပါ အမျိုးသမီးအရာရှိက ပြောကြားသည်။

၎င်းက "လိုက်သွားတဲ့ မိန်းကလေးတွေဆီက လောလောဆယ်တော့ ဘာသတင်းမှမရသေးဘူး။ တရုတ်ပြည်ထဲ အခြေစိုက်တဲ့ ကျမတို့အဖွဲ့ကို အကူအညီတောင်း စုံစမ်းခိုင်းတော့ တရုတ်ပြည် အတွင်းပိုင်းကျတဲ့ ကျေးလက်လယ်သမားတွေဆီ ဇနီးမယားလုပ်ဖို့ ရောင်းစားခံရတာဖြစ်နိုင်တယ်လို့ အကြောင်းပြန်လာတယ်။ ဒါပေမယ့် တိတိကျကျ အတည်ပြုချက်တော့ မရသေးဘူး" ဟု ရှင်းပြသည်။

၎င်းကဆက်လက်ပြီး ယခုလို လူကုန်ကူးမှုပြဿနာ ဆောင်ရွက်ရာတွင် ဒေသခံအာဏာပိုင်များကို သတိထားရကြောင်း၊ ၎င်းတို့အဖွဲ့အနေနှင့် အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ် ပြဿနာကို အဓိကထားလုပ်ကိုင်ပြီး လူကုန်ကူးမှုစုံစမ်းခြင်းကို သိုသိုသိပ်သိပ်သာ ဆောင်ရွက်ကြရကြောင်း၊ အာဏာပိုင်များသိသွားပါက ကာယကံရှင်များထံ သွားရောက်နှောင့်ယှက်ခြင်း၊ ဒေသတွင်း ၎င်းတို့၏ သွားလာခွင့်ကို ကန့်သတ်ချုပ်ချယ်ခြင်း စသည်များ ပြုလုပ်တတ်ကြောင်း၊ ယင်းသို့ပြုလုပ်ပါက ဒေသခံများ၏ ပူးပေါင်းကူညီမှုမရနိုင်တော့သဖြင့် ၎င်းတို့လုပ်ငန်း ရည်မှန်းချက် ပေါက်မြောက် အောင်မြင်ရေးအတွက် ဒေသခံအာဏာပိုင်များနှင့် ပူးပေါင်းခြင်းမရှိဘဲ ၎င်းတို့ဘာသာ ဆောင်ရွက်နေရခြင်းဖြစ်ကြောင်း စသဖြင့် ရှင်းပြသည်။

အဆိုပါ အိုင်အန်ဂျီအိုအဖွဲ့သည် မူဆယ်၊ ကွတ်ခိုင်၊ နမ့်ခမ်းတဝိုက်တွင် အခြေစိုက်ပြီး လူကုန်ကူးမှုပြဿနာများကို လေ့လာနေသည့်အဖွဲ့ဖြစ်သည်။ ■